## မြန်မာနိုင်ငံ၏ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အခြေခံအချက်များ။

- မြန်မာနိုင်ငံ၏ စပါးမျိုးအုပ်စုများ ခွဲခြားပုံနည်းလမ်းများ။
- ရေ မြေ သဘာဝ အခြေခံအလိုက် စပါးစိုက်ဧရိယာ ဧကေရာခိုင်နှုန်း။
- စပါးမျိုးအုပ်စုအလိုက် စိုက်ဧကေရာခိုင်နှုန်း။
- အာဟာရဓာတ်လိုအပ်ချက် အခြေခံအရ လူတစ်ဦး ဆန်စားသုံးရန်လိုအပ်ချက်။
- မြို့ပြနှင့် ကျေးလက်ဒေသ အိမ်ထောင်စုများ၏ ဆန်စားသုံးမှု။

ကျမ်းကိုးအညွှန်း။ **(References)**

# စပါးအုပ်စု။

ဧည့်မထ



လက်ရွေးစင်



ငစိန်



မီးဒုံး



ဗျတ်



## မြန်မာနိုင်ငံ၏ စပါးမျိုးအုပ်စုများခွဲခြားပုံ နည်းလမ်းများ။

**နည်းလမ်း၂မျိုး ရှိသည်။**

၁။ စပါးသက်တမ်းအလိုက် အုပ်စုခွဲခြားခြင်း။ (မိရိုးဖလာနည်း)
၂။ စပါးလုံး အရွယ်အစားအလိုက် အုပ်စုခွဲခြားခြင်း။ (စိုက်ပျိုးရေးဌာနခွဲ၊ ၁၉၂၇ခုနှစ်)

၁။ စပါးမျိုးများ၏ သက်တမ်းအပေါ်မူတည်၍ အောက်ပါအတိုင်း အုပ်စု(၃)ခု ခွဲခြားသတ်မှတ်ခဲ့ရာ ယနေ့တိုင် လက်ခံကျင့်သုံးဆဲဖြစ်ပါသည်။

| | |
|---|---|
| (၁) သက်လျင် (ကောက်လျင်)။ | အသက်ရက် (၁၅၀) အောက်ငယ်သော စပါးမျိုးများကို သက်လျင်စပါးမျိုး။ |
| (၂) သက်လတ် (ကောက်လတ်)။ | အသက်ရက်(၁၅၀)မှ (၁၇၀)အတွင်းရှိသော စပါးမျိုးများကို သက်လတ်စပါးမျိုး။ |
| (၃) သက်ကြီး (ကောက်ကြီး)။ | အသက်ရက်(၁၇၀) အထက်ကျော်လွန်သော စပါးမျိုးများကို သက်ကြီးစပါးမျိုး။ |

၂။ စပါးလုံးအရွယ်အစားအလိုက် မျိုးအုပ်စု(၅)မျိုး ခွဲခြားခြင်းလုပ်ငန်းကို စိုက်ပျိုးရေးဌာနခွဲက ၁၉၂၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ Beale's Classification ဟုခေါ်တွင်ခဲ့ပါသည်။ စပါးလုံးအရွယ် အစား အတိုင်းအတာများကို အောက်တွင်ဖော်ပြပါသည်။

### စပါးလုံးအရွယ်အစားအလိုက် စပါးမျိုးအုပ်စုခွဲခြားခြင်း ( Beale's Classification)

| မျိုးအုပ်စု | | စပါးစေ့အတိုင်းအတာ | | ဆန်စေ့အတိုင်းအတာ(လုံးတီး) | |
|---|---|---|---|---|---|
| အမည် | သင်္ကေတ | အလျား(မမ) | လျား/နံ့အချိုး | အလျား(မမ) | လျား/နံ့အချိုး |
| ဧည့်မထ | အေ | ၉. ၄၁နှင့်အထက် | ၃. ၃ နှင့်အထက် | ၇. ၀၀နှင့်အထက် | ၃. ၀၀နှင့် အထက် |
| လက်ရွေးစင် | ဘီ | ၈. ၄၀ မှ ၉. ၈၀ | ၂. ၈၀မှ ၃. ၃၀ | ၆. ၀၀မှ ၇. ၀၀ | ၂. ၄၀မှ ၃. ၀၀ |
| ငစိန် | စီ | ၇. ၇၅ မှ ၉. ၀၀ | ၂. ၄၀မှ ၂. ၈၀ | ၅. ၆၀မှ ၆. ၄၀ | ၂. ၀၀မှ ၂. ၄၀ |
| မီးဒုံး | ဒီ | ၇. ၃၅ မှ၈. ၆၀ | ၂. ၀၀မှ ၂. ၄၀ | ၅. ၀၀မှ ၆. ၈၀ | ၁. ၆၀မှ ၂. ၀၀ |
| ဗျတ် | အီး | ၉. ၀၀နှင့်အထက် | ၂. ၂၅မှ ၃. ၀၀ | ၆. ၄၀မှ ၇. ၃၅ | ၂. ၀၀မှ ၂. ၅၀ |

ဇစ်မြစ်။ မြန်မာဆန်စပါးစာတန်းများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့၊ ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ။

**စပါးလုံး အရွယ်အစားအလိုက် မျိုးအုပ်စုတစ်ခုချင်း၏ ယေဘုယျ ဂုဏ်အင်္ဂါလက္ခဏာများကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြပါသည်။**

ဧည့်မထနှင့် လက်ရွေးစင်အုပ်စုတို့သည် သေးသွယ်ရှည်လျားပြီး၊ အလျား၊ အနံအချိုးအစား (၃.၃၀) မီလီမီတာရှိသည်။ ငစိန် နှင့် မီးဒုံးတို့သည် ဆန်လုံးတုတ်တိုသဖြင့် အလျားအနံအချိုးအစား (၂.၈၀) မီလီမီတာသာရှိသည်။ ဗျတ်စပါးသည် ဆန်လုံးတုတ်ပြီး ရှည်လည်းရှည်သဖြင့် အလျားအနံ အချိုးအစား (၂. ၂၅) မှ (၃.၀၀) အထိရှိသည်။ ယေဘုယျအားဖြင့် ဧည့်မထ၊ လက်ရွေးစင်နှင့် ငစိန် အုပ်စုတို့သည် ဆန်သားမာပြီး အရောင်ကြည်သည်။ သို့သော် ငစိန်ဆန်များတွင် (abdominal white)ခေါ် ဗိုက်ဖြူအနည်းနှင့် အများပါသည်။ အချို့သော လက်ရွေးစင်စပါးများ၌ပင် ဗိုက်ဖြူရှိသည်။ ဗိုက်ဖြူသည် ဆန်၏ အရည်အသွေးကို လျော့နည်းစေသည်။ ငစိန်၊ မီးဒုံးနှင့် ဗျတ်စပါး အများစုတို့သည် ကောက်ကြီး စပါးများဖြစ်ကြပြီး၊ ဧည့်မထနှင့် လက်ရွေးစင်စပါးများသည် ကောက်လျင်နှင့် ကောက်လတ်စပါး အုပ်စုတွင် ပါဝင်သည်။ အနည်းငယ်မျှသော မီးဒုံးစပါးများလည်း ကောတ်လတ်အုပ်စုတွင်ပါဝင်ကြသည်။

ဧည့်မထအုပ်စုတွင် ပြည်ခရိုင်၌စိုက်ပျိုးနေသော အရည်အသွေးကောင်းမွန်သည့်ပင်ထောင်ဧည့်မထ (A16-34)၊ဧည့်မထပင်တိုကလေး(A28-6) စပါးမျိုးများ၊ ရခိုင်ပြည်နယ်တွင်စိုက်သော ချိဒူးပါးနှင့်တနင်္သာရီ တွင်စိုက်သော ရဟိုင်းစပါးတို့ပါဝင်သည်။ ၎င်းစပါးမျိုးများသည် ထိုင်းနိုင်ငံတွင် စိုက်ပျိုးနေသော (Garden Siam rices) စပါးမျိုးတို့၏ အရည်သွေးကိုမီသည်။ ယင်းစပါးမျိုးတို့၏ ဆန်ရည်ဆန်သားသည် ရှည်လျား သေးသွယ်ပြီး မာကြောသည်။ ပုလဲရောင်ဖြစ်ပေါ်နေသည်။

လက်ရွေးစင်အုပ်စုတွင် အောက်မြန်မာနိုင်ငံနှင့် အထက်မြန်မာနိုင်ငံတို့တွင် စိုက်ပျိုးသော လက်ရွေးစင်မျိုးအားလုံးပါဝင်သည်။ အညာဒေသတွင် စိုက်ပျိုးသော ငယွန်းဝါ (B404) ၊ တောင်ထိပ်ပန်း (B401)၊ ရွှေအပ်နှင့် ရွှေဘိုခွန်နီ၊ အောက်မြန်မာနိုင်ငံတွင်စိုက်ပျိုးသော မောင်ညို (B24-92) နှင့် နံ့ကားတို့ ပါဝင်သည်။ ၎င်းစပါးမျိုးတို့သည် ငစိန်ဆန်သားနည်းတူ မာကျောသည်။ငစိန်အုပ်စုတွင်ပဲခူးနှင့်ဧရာဝတီတိုင်း တို့တွင် စိုက်ပျိုးသော ခဲစပါး(C 19)၊ မှော်ဘီငစိန်(C15-10)၊ စိန်ကြီး(C28-16)၊ ရွှေခြေကျင်း(C33-16)၊ ငကျောက်ကြီး (C31-13)နှင့် ရှမ်းငြိမ်း(C24-71) တို့ပါဝင်သည်။ ၎င်းတို့ကို ရန်ကုန်နှင့် ပုသိမ်တို့တွင် စက်ကြိတ်ပြီး နိုင်ငံခြားသို့တင်ပို့ရာ ဆန်ဝယ်ယူသောနိုင်ငံတိုင်းတွင် "မြန်မာ့ဆန်" (Burma rice) ဟု အသိများကြသည်။


မီးဒုံးအုပ်စုဝင် စပါးမျိုးများဖြစ်သော ငကျဲ (D 25-4)၊ မီးဒုံးမွှေး (D 38-52)၊ ပေါ်ဆန်းမွှေး (D 17-88) တို့ကို အောက်မြန်မာပြည်၌ ပြည်တွင်းစားသုံးရန်အတွက် စိုက်ပျိုးကြသည်။ အထက်မြန်မာနိုင်ငံတွင် ကုလားကြီးစပါးသည် စားသုံးရာ၌ နံမည်အကြီးဆုံးဖြစ်သည်။ မီးဒုံးအုပ်စုဝင်ဆန်များကို ကမ္ဘာ့အရှေ့ဖျား နိုင်ငံများသို့ အချို့အဝက် တင်ပို့သည်။ ဗျတ်စပါးမျိုးသည် အသက်ကြီးသဖြင့် ကောက်ကြီးစပါးဟုခေါ် ဝေါ်ကြသည်။ ပြည်တွင်းစားသုံးရန် နေရာတိုင်းတွင် ဧရိယာအနည်းငယ်မျှစီစိုက်ကြသည်။ မင်းဘူးခရိုင်တွင် စကုဗျတ်စပါးသည် စားကောင်းသဖြင့် နံမည်ကျော်ကြားသည်။

---

ဇစ်မြစ်- ဒေါက်တာထွန်းဆိုင် - မြန်မာနိုင်ငံအတွင်း ဆန်စပါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုဆိုင်ရာ အတိတ်၊ ပစ္စုပ္ပန် ကာလအခြေအနေများနှင့်၊ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ မြန်မာ့ဆန်စပါးစာတန်းများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ။


## ရေမြေသဘာဝ အခြေခံအလိုက် စပါးစိုက်ဧရိယာ ကေရာခိုင်နှုန်း

| **ရေမြေသဘာဝအခြေခံအုပ်စု** | **ဧရိယာကေရာခိုင်နှုန်း** |
|---|---|
| ရေတော်မိုးတော် | ၆၈ |
| ရေကြီးကွင်း | ၉ |
| ရေနက်ကွင်း | ၅ |
| သဲဆန်ကုန်းကြော | ၁၂ |
| တောင်ယာ | ၃ |
| ပင်လယ်ရေငံဝင် | ၁ |
| အခြား | ၂ |
| စုစုပေါင်း | ၁၀၀ |
| **ဧရိယာ ကေပေါင်း** | **၁၄၃၉၂၀၀၀** |



## စပါးမျိုးအုပ်စုအလိုက်စိုက်ဧကရာခိုင်နှုန်း

| **စပါးမျိုးအုပ်စု** | **ဧရိယာရာခိုင်နှုန်း** |
|---|---|
| အထွက်ကောင်းမျိုး | ၅၈ |
| အဆင့်မြင့်အထွက်ကောင်းမျိုး | ၁၆ |
| စပ်မျိုး | ၁ |
| ဒေသမျိုး | ၂၅ |
| စုစုပေါင်း | ၁၀၀ |
| **ဧရိယာ ဧကပေါင်း** | **၁၄၃၉၂၀၀၀** |



## အာဟာရဓာတ်လိုအပ်ချက်အခြေခံအရ လူတစ်ဦးဆန်စားသုံးရန်လိုအပ်ချက်။

| အသက်အုပ်စု | တစ်ရက်စားသုံးရန်လိုအပ်ချက် (ဆန်နို့ဆီဘူး) | တစ်နှစ်စားသုံးရန် ဆန်လိုအပ်ချက်တွက်ချက်ခြင်း | | |
|---|---|---|---|---|
| | | ဆန်(နို့ဆီဘူး) | ဆန် (တင်း) | ဆန်(ကီလိုဂရမ်) |
| ၁ - ၃ နှစ် | ၀. ၅ | ၁၈၂. ၅ | ၁. ၄၃ | ၄၈ |
| ၄ - ၆ နှစ် | ၀. ၇၅ | ၂၇၃. ၈ | ၂. ၁၄ | ၇၃ |
| ၇ - ၉ နှစ် | ၁. ၂၅ | ၄၅၆. ၃ | ၃. ၅၆ | ၁၂၁ |
| ၁၀ - ၁၂ နှစ် | ၁. ၅ | ၅၄၇. ၅ | ၄. ၂၈ | ၁၄၆ |
| ၁၃ - ၁၉ နှစ် | ၂. ၀ | ၇၃၀. ၀ | ၅. ၇၀ | ၁၉၄ |
| အမျိုးသားလူကြီး | ၂. ၀ | ၇၃၀. ၀ | ၅. ၇၀ | ၁၉၄ |
| အမျိုးသမီးလူကြီး | ၁. ၅ | ၅၄၇. ၅ | ၄. ၂၈ | ၁၄၆ |
| ကိုယ်ဝန်ဆောင် | ၁. ၅ | ၅၄၇. ၅ | ၄. ၂၈ | ၁၄၆ |
| နို့တိုက်မိခင် | ၂. ၀ | ၇၃၀. ၀ | ၅. ၇၀ | ၁၉၄ |

ဆန် ၁တင်း = ၁၂၈ နို့ဆီဘူး
ဆန် ၁တင်း = ၇၅ ပေါင်
၁ ကီလိုဂရမ် = ၂. ၂၀၅ ပေါင်
ဆန် ၁ တင်းခွဲ = ၂၄ ပြည်
စပါးတင်း ၈၀ = ဆန် ၁ တန်

ဇစ်မြစ် - မြန်မာ့ဆန်စပါးစာတန်းများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ။

## မြို့ပြနှင့်ကျေးလက်ဒေသအိမ်ထောင်စုများမှဆန်စားသုံးမှု (၂၀၀၁ ခုနှစ်)

| အကြောင်းအရာ | လူတစ်ဦး တစ်လ ဆန်စားသုံးမှု | ဗဟိုစာရင်းအင်းအဖွဲ့ထုတ်ပြန်ချက်အပေါ် အခြေခံ၍ တစ်နှစ်ဆန်စားသုံးမှု တွက်ချက်ခြင်း | | |
|---|---|---|---|---|
| မြို့ပြဒေသ | ၅. ၀၃ ပြည် | ၆၀. ၃၆ ပြည် | ၃. ၈ တင်း | ၁၂၈ ကီလိုဂရမ် |
| ကျေးလက်ဒေသ | ၆. ၂၂ ပြည် | ၇၄. ၆၄ ပြည် | ၄. ၇ တင်း | ၁၆၀ ကီလိုဂရမ် |
| ရန်ကုန်မြို့ | ၄. ၉၈ ပြည် | ၅၉. ၇၆ ပြည် | ၃. ၇ တင်း | ၁၂၆ ကီလိုဂရမ် |
| မန္တလေးမြို့ | ၅. ၄၃ ပြည် | ၆၅. ၁၆ ပြည် | ၄. ၁ တင်း | ၁၃၉ ကီလိုဂရမ် |

ဇစ်မြစ်။ Statistical Yearbook, 2002, CSO, Yangon.

ဇစ်မြစ်။ မြန်မာ့ဆန်စပါးစာတန်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ။

## ကျမ်းကိုးအညွှန်း။(References)


အုန်းကျော် - မြန်မာနိုင်ငံရှိ လက်ရှိစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် အနာဂတ် ကာလအတွက် မျှော်မှန်းချက်များ။ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနည်းပညာနှင့် မူဝါဒဆိုင်ရာ အကြံပြုစာတန်းများ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ။

ကျော်မြင့် - ရေရှည်ကာလအတွက် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုအပေါ် လေ့လာတင်ပြချက်။ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာ့ဆန်စပါးစာတန်းများ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၀၄ခုနှစ်အောက်တိုဘာ။

ဒေါက်တာထွန်းဆိုင် - မြန်မာနိုင်ငံအတွင်း ဆန်စပါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုဆိုင်ရာ အတိတ်၊ပစ္စုပ္ပန်ကာလအခြေအနေများနှင့် အနာဂတ်တွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းများ။ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာ့ဆန်စပါး စာတန်းများ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ။